ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး
၂၀၁၆ ခုနှစ်၊ မတ်လ (၁) ရက်
၂၀၁၂ ခုနှစ်၊ တရားမကြီးမှုအမှတ် – ၁၃၂

| | | |
|---|---|---|
| KNORR NAEHRMITTEL AKTIENGE SELLSCHAFT (၎င်း၏အခွင့်ရကိုယ်စားလှယ် ဒေါ်ခင်ဆွေဝင်း) | နှင့် | ဦးကျော်လှိုင် (၎င်း၏အခွင့်ရကိုယ်စားလှယ် ဦးဇော်ဇော်ဝင်း) |
| တရားလို | | တရားပြိုင် |

တရားလိုအတွက် - ဒေါ်ရီရီတင် ၊ တရားလွှတ်တော်ရှေ့နေ
တရားပြိုင်အတွက် - ဦးအေးမောင် ၊ တရားလွှတ်တော်ရှေ့နေ

## စီရင်ချက်

အမှုမှာ တရားလိုက တရားပြိုင်အပေါ် ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ စာချုပ်အမှတ် - ၁၀၈၅၅/၂၀၁၁ ဖြင့် မှတ်ပုံတင်သွင်းထားသည့် Kiwar ကုန်အမှတ်တံဆိပ်ကို ပယ်ဖျက်ပေးစေလိုမှု ၊ ယင်းတံဆိပ်အမှတ်အသားဖြင့် မြန်မာပြည်တွင် ဖြန့်ဖြူးရောင်းချနေသော အသင့်စားသုံးနိုင်သော ဟင်းခတ်အမွှေးကြိုင်၊ အမှုန့်အမျိုးမျိုး၊ ချက်ပြုတ်ကျော်လှော်ရာတွင် အသုံးပြုသော ဟင်းခတ်မွှေးအကြိုင်အမှုန့် အမျိုးမျိုးကို ရောင်းချခြင်း မပြုရန် ထာဝရတားမြစ်မိန့် ထုတ်ပေးစေရန်နှင့် တရားလို၏ နစ်နာဆုံးရှုံးသည့် တန်ဘိုးငွေကျပ် ၃၀၀၀,၀၀၀၀ိ/ (ကျပ် သိန်းသုံးထောင်) ကို နစ်နာကြေးအဖြစ် ပေးလျော်စေလိုမှု စွဲဆိုသောအမှုဖြစ်သည်။

တရားလိုက အဆိုလွှာတွင် ဆွစ်ဇလန်နိုင်ငံမှ KNORR ဟူသော အမှတ်တံဆိပ်ဖြင့် ဟင်းခတ်မွှေးအကြိုင်၊ ကြက်သားမှုန့်၊ အရသာမှုန့် အမျိုးမျိုးတို့ကို ထုတ်လုပ်ဖြန့်ဖြူးရောင်းချကြောင်း၊ မြန်မာနိုင်ငံတွင် ဖြန့်ဖြူးရောင်းချနိုင်ရန် ၁၇-၉-၂၀၀၄ ရက်စွဲပါ စာချုပ်စာတမ်းမှတ်ပုံတင်အမှတ် - ၅၄၄၆/၂၀၀၄ ဖြင့်လည်းကောင်း၊ မှတ်ပုံတင်အမှတ် - ၅၄၀၉/၂၀၁၀ နှင့် ၅၄၁၀/၂၀၁၀ ဖြင့် လည်းကောင်း မှတ်ပုံတင်ပြီး တင်သွင်းဖြန့်ဖြူးကြောင်း၊ ယိုးဒယားနိုင်ငံတွင်လုပ်ငန်းခွဲထားပြီး ယိုးဒယားစာ ၊ မြန်မာစာတို့ဖြင့် ထုပ်ပိုးပစ္စည်းတွင် ဖော်ပြ၍ ယိုးဒယားနိုင်ငံမှတစ်ဆင့် မြန်မာနိုင်ငံသို့ ဖြန့်ဖြူးရောင်းချကြောင်း KIWAR ဟူသော ကုန်အမှတ်တံဆိပ်ဖြင့် တစ်ဦးတည်း မူပိုင်သုံးစွဲရန် ၂၅-၁၀-၂၀၁၁ ရက်နေ့တွင် မှတ်ပုံတင်

ဘာဝန်ခံမိတ္တူမှန်
စစ်ဆေးပြီးမှန်ကန်ကြောင်း
တာဝန်ခံသူသည်။
အခွင့်ရအရာရှိ
ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး

အမှတ် ၄/၁၀၈၅၅ ဖြင့် မှတ်ပုံတင်ပြီးဖြစ်ကြောင်း ကြေညာခြင်းဟူသော ကြော်ငြာစာဖြင့် တရားပြိုင်မှ ၉.၁၂.၂၀၁၁ နေ့ထုတ် မြန်မာအလင်းသတင်းစာတွင် ကြော်ငြာခဲ့ကြောင်း၊ တရားပြိုင်သည် တရားလို၏ KNORR ကုန်အမှတ်တံဆိပ်နှင့် ထင်ယောင်ထင်မှားဖြစ်စေရန် KLWAR ဟူသော ကုန်အမှတ်တံဆိပ်ပြုလုပ်၍ ထုပ်ပိုးမှုပုံစံဖြင့် တုပပြုလုပ်ဖြန့်ချီရောင်းချနေသည်ဖြစ်၍ ဆက်လက်ရောင်းချခြင်း မပြုလုပ်နိုင်ရန် ထာဝရတားမြစ်သည့်အမိန့်ရလိုကြောင်းနှင့် တရားလို၏ နစ်နာဆုံးရှုံးမှုအတွက် နစ်နာကြေးသိန်း ၃၀၀၀ ပေးလျော်စေရန် ဖော်ပြ၍ စွဲဆိုသည်။

တရားပြိုင်က ချေလွှာတွင် တရားပြိုင် KIWAR အမည်ပါ ကုန်အမှတ်တံဆိပ်ဖြင့် ထုတ်လုပ်ထားသော ကြက်သားမှုန့် အရသာမှုန့် အမျိုးမျိုးတို့မှာ ထိုင်းနိုင်ငံမှ တင်သွင်းပြီး မြန်မာပြည် အနှံ့ရောင်းချနေကြောင်း တရားပြိုင်၏ KIWAR ကုန်အမှတ်တံဆိပ်ကို ၂၅.၁၀.၂၀၁၁ ရက်စွဲပါ စာချုပ်စာတမ်းမှတ်ပုံတင်အမှတ် - ၁၀၈၅၅/၂၀၁၁ ဖြင့် မှတ်ပုံတင်ခဲ့ပြီး မြန်မာပြည်အတွင်းရှိ စတိုးဆိုင်များ၊ ကုန်တိုက်များ၊ ဈေးကြီးများတွင် လက်လီလက္ကား ဖြန့်ဖြူးရောင်းချလျက်ရှိကြောင်း၊ တရားပြိုင်အနေဖြင့် တရားလို၏ ကုန်အမှတ်တံဆိပ်ကို ထင်ယောင်ထင်မှား တုပရောင်းချခြင်းမရှိ၍ ထာဝရတားမြစ်မိန့်ထုတ်ပေးရန် မလိုကြောင်း၊ တရားလို၏ KNORR ကုန်အမှတ်တံဆိပ်အား တုပခြင်းမရှိ၍ တရားပြိုင်တွင် နစ်နာကြေး ပေးရန် တာဝန်မရှိကြောင်း၊ တရားလို၏ အဆိုလွှာအား ပလပ်သင့်ကြောင်း ချေပသည်။

တရားလို တရားပြိုင်တို့၏ အဆိုအချေပါ အချက်များအရ အောက်ပါငြင်းချက်များကို ထုတ်နှုတ်ခဲ့သည်-

ငြင်းချက် ၁။ ။ တရားလို KNORR ကုန်အမှတ်တံဆိပ်ကို တရားပြိုင်၏ KIWAR ကုန်အမှတ်တံဆိပ်က ထုပ်ပိုးမှုပုံစံ အရောင်အသွေး ၊ ယိုးဒယား စာလုံးများကို တုပပြုလုပ်ထုပ်ပိုးရောင်းချမှုပြုနေသည်မှာ မှန်သလား။

သို့မဟုတ်

တရားပြိုင်၏ KIWAR အမှတ်တံဆိပ်မှာ တရားလို၏ ကုန်အမှတ်တံဆိပ်ကို တုပထားခြင်းမဟုတ်ဘဲ မိမိမူလပုံစံအတိုင်း ထုပ်ပိုးထားသလို KNORR နှင့် KEWAR မှာ အသံထွက်ရာ ပုံသဏ္ဍာန်ပါ တူညီမှု မရှိသည်မှာ မှန်သလား။

ငြင်းချက် ၂။ ။ ထိုသို့ ထုပ်ပိုးမှုပုံစံတူဖြင့် တရားပြိုင်ကတုပပြုလုပ်ဖြန့်ချီရောင်းချမှု ပြုခဲ့သဖြင့် တရားလို KNORR တွင် နစ်နာဆုံးရှုံးမှုဖြစ်ခဲ့၍ ကျပ်သိန်းသုံးထောင်ရထိုက်ခွင့်ရှိသလား။

ငြင်းချက် ၃။ ။ တရားလိုသည် မည်သည့် သက်သာခွင့် ရထိုက်သနည်းတို့ဖြစ်သည်။

တာဝန်ခံမိတ္တူမှန်

ပစ်ဆေးပြီးမှန်ကန်ကြောင်း တာဝန်ယူသည်။

ငြင်းချက် ၁။ ။ တရားလို KNORR ကုန်အမှတ်တံဆိပ်ကို တရားပြိုင်၏ KIWAR ကုန်အမှတ်တံဆိပ်က ထုပ်ပိုးမှုပုံစံ အရောင်အသွေး ၊ ယိုးဒယား စာလုံးများကို တုပပြုလုပ်ထုပ်ပိုးရောင်းချမှုပြုနေသည်မှာ မှန်သလား။

သို့မဟုတ်

တရားပြိုင်၏ KIWAR အမှတ်တံဆိပ်မှာ တရားလို၏ ကုန်အမှတ်တံဆိပ်ကို တုပထားခြင်းမဟုတ်ဘဲ မိမိမူလပုံစံအတိုင်း ထုပ်ပိုးထားသလို KNORR နှင့် KEWAR မှာ အသံထွက်ရာ ပုံသဏ္ဍာန်ပါ တူညီမှုမရှိသည်မှာ မှန်သလား။

နှစ်ဖက်ထွက်ဆိုမှုများအပေါ် သုံးသပ်ရလျှင် တရားလို KNORR ဟူသော ကုန်အမှတ်တံဆိပ်ဖြင့် မြန်မာတစ်ပြည်လုံး ဖြန့်ဖြူးရောင်းချရာတွင် သက်သေခံ (ဃ) မှတ်ပုံတင် စာချုပ်အမှတ် - ၅၄၁၀/၂၀၁၀ တွင် ဖော်ပြထားသည့် တံဆိပ်အမှတ်အသား ပုံစံပါအတိုင်း ထုတ်လုပ်ဖြန့်ခဲ့ခြင်းဖြစ်ကြောင်း ၊ ယင်းတံဆိပ် အမှတ်အသားဖြင့် ဆွစ်ဇလန်နိုင်ငံရှိကုမ္ပဏီမှ လွှန်ခဲ့သောနှစ်ပေါင်းမြောက်မြားစွာကပင် တကမ္ဘာလုံးသို့ ဖြန့်ဖြူးရောင်းချနေခဲ့ခြင်းဖြစ်ကြောင်း၊ မြန်မာပြည်တွင် ထုတ်လုပ်ဖြန့်ဖြူး ရောင်းချနိုင်ရန် အလို့ငှာ ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် ကုန်တံဆိပ်အမှတ်အသား မှတ်ပုံတင်ခြင်းကို ၂၀၁၀ ခုနှစ်က ထပ်မံပြုလုပ်ခဲ့ကြောင်း၊ ၂၀၀၄ ခုနှစ်မှစ၍ သက်သေခံ (င) ကုန်အမှတ်တံဆိပ်ကိုပြုလုပ်ပြီး KNORR ဟူသော အမည်အမှတ်အသားဖြင့် အသင့်စားသုံးနိုင်သော အစားအစာများ ကြက်သားမှုန့်များစသည်တို့ကို ထုတ်လုပ်ဖြန့်ဖြူးရောင်းချလျက်ရှိကြောင်း သက်သေခံ “စ”၊ “ဆ”၊ “ဇ”၊ “ဈ”၊ “ည” တို့ဖြင့် သတင်းစာများတွင် ကြေငြာခဲ့ကြောင်း၊ ထိုသို့ ကြေငြာရာတွင် သက်သေခံ- ဃ ကုန်အမှတ်တံဆိပ်ပါ ပုံစံအတိုင်းဖြန့်ဖြူးရောင်းချခြင်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံတွင် ယူနီဗားကုမ္ပဏီမှ တရားဝင်ဖြန့်ဖြူးရောင်းချကြောင်း KNORR ကြက်သားမှုန့်ထုပ်ကို သက်သေခံ “ဋ” ဖြင့် တင်ပြထားကြောင်း တရားပြိုင် ဦးကျော်လှိုင်မှ ၉-၁၂-၂၀၁၁ နေ့ထုတ် မြန်မာအလင်းသတင်းစာတွင် KLWAR ဟူသော ကုန်အမှတ်တံဆိပ်ဖြင့် အသင့်စားသုံးနိုင်သော ဟင်းခတ်အမွှေးအကြိုင်မှုန့်အမျိုးမျိုးနှင့် ချက်ပြုတ်ကြော်လှော်ရာတွင် အသုံးပြုသော ဟင်းခတ်အမွှေးအကြိုင်အမျိုးမျိုးထုတ်လုပ်ဖြန့်ဖြူးရောင်းချမည်ဖြစ်ကြောင်း ကြေညာလာကြောင်း၊ ၂၅-၁-၂၀၁၁ ရက်စွဲပါ Weekly Eleven News ဂျာနယ်တွင် ထပ်မံကြော်ငြာသည်ကိုတွေ့ရှိရကြောင်း သက်သေခံ “ဋ္ဌ” ကြော်ငြာအရပင် KLWAR ဟူသောကုန်အမှတ်တံဆိပ်မှာ စာချုပ်စာတမ်းမှတ်ပုံတင်အမှတ် ၁၈၅၅/၂၅-၁၁-၂၀၁၁ နေ့က မှတ်ပုံတင်ပြုလုပ်ထားကြောင်း သိရှိရကြောင်း၊ ယင်းတံဆိပ်အမှတ်အသားမှာ သက်သေခံ (ဃ) စာချုပ်အမှတ် ၅၄၀၉/၂၀၁၀ ပါ တရားလို၏အမှတ်တံဆိပ် အမှတ်အသားနှင့်ထပ်တူနီးပါးမျှတူညီလျက်ရှိသည်ကိုတွေ့ရကြောင်း၊ ယင်းကုန်အမှတ်တံဆိပ်နှစ်ခုကို နှိုင်းယှဉ်ကြည့်လျှင် နောက်ခံသုံးအစိမ်းရောင်ပေါ်၌ အဖြူရောင်ဖြတ်ပိုင်းထားသည့်အပေါ်တွင် စလုံးအနီရောင်ဖြင့် KNORR၊ KLWAR ဟူသော စာလုံးများဖော်ပြထားသည်မှာ အတူတူပင်ဖြစ်ကြောင်း

မိတ္တူမှန်ကြောင်း
စစ်ဆေးပြီးမှန်ကန်ကြောင်း
တာဝန်ယူသည်၊
အခွင့်ရအရာရှိ
ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး

နောက်ခံသုံး အစိမ်းရောင်သာလျှင် အနုအရင့် အနည်းငယ်ကွာဟလျက်ရှိကြောင်း ၊ ကြက်သားမှုန့်ထုပ် ပုံစံမှာလည်း အတူတူပင်ဖြစ်ကြောင်း ပေါ်ပေါက်လျက်ရှိကြောင်း၊ တရားပြိုင်သည် KLWAR ဟူသော ကုန်အမှတ်တံဆိပ်ပါ ကြက်သားမှုန့်ကို ၂၅·၁၀·၂၀၁၁ နေ့တွင်မှ မှတ်ပုံတင်သွင်းပြုလုပ်၍ တရားလို၏ သက်သေခံ (ဃ) စာချုပ်အမှတ် - ၅၄၁၁/၂၀၁၀ ပါ ကုန်အမှတ်တံဆိပ်ကို တုပ၍ ထုပ်ပိုးမှုပုံစံဖြင့်တုပထုပ်ပိုးရောင်းချခြင်းဖြစ်ကြောင်း၊ တရားလို၏အခွင့်ရကိုယ်စားလှယ် ဒေါ်ခင်ဆွေဝင်းနှင့် တရားလိုပြသက်သေများဖြစ်သော ဦးကျော်ကျော်မင်း (လိုပြ ၂) ၊ ဦးနေလင်းစိုး (လိုပြ ၃) ၊ ဒေါ်အေးအေးသိန်း (လိုပြ ၄) တို့က တညီတညွတ်တည်းထွက်ဆိုထားပြီး သက်သေခံ-က၊ သက်သခံ(ခ)-(ခ-၁)၊(ဂ)၊ (ဃ)၊ (င)၊ (စ)၊(ဆ)၊(ဇ)၊(ဈ)၊(ည)၊(ဠ)၊(ဍ)၊(လ) စာရွက်စာတမ်းတို့ကို တင်ပြသည်။

တရားပြိုင်က ၎င်းတို့စက်ရုံးမှ နီ့ဆီ၊ နီ့ခဲ၊ နီ့မှုန့်နှင့် KLWAR အမည်ဖြင့် ယိုးဒယားနိုင်ငံမှ တင်သွင်းလာသော ကုန်ကြမ်းများကို မြန်မာပြည်ရှိ စက်ရုံတွင် ထုပ်ပိုးမှုပုံစံပြုလုပ်ပြီး မြန်မာပြည်အနှံ့ဖြန့်ဖြူးရောင်းချနေခြင်းဖြစ်ကြောင်း၊ ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်အမှတ် - ၁၀၈၅၅/၂၀၁၁ ဖြင့် ၂၅·၁၀·၂၀၁၁ နေ့စွဲဖြင့် မှတ်ပုံတင်သွင်းပြီး ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း KLWAR အမည်ဖြင့် ကြက်သားမှုန်အား မှတ်ပုံတင်ထားသည့် မှတ်ပုံတင်ကြေညာစာချုပ်အား သက်သေခံ (၂) ဖြင့် တင်ပြကြောင်း၊ KLWAR ကြက်သားမှုန့်ကို မြန်မာပြည်အနှံ့ ဖြန့်ဖြူးရောင်းချနိုင်ရန်အတွက် ၉·၁၂·၂၀၁၁ ရက်စွဲပါ မြန်မာအလင်းသတင်းစာတွင် ကြေညာခဲ့ကြောင်း သက်သေခံ ၃ ဖြစ်ကြောင်း၊ Weekly Eleven သတင်းစာတွင် ၂၅·၁·၂၀၁၂ ရက်စွဲဖြင့် ထပ်မံကြေညာခဲ့ကြောင်း၊ သက်သေခံ (၄) ဖြစ်ကြောင်း၊ ထားဝယ်မြို့တွင်လည်းကြော်ငြာခဲ့ကြောင်း၊ ၂၀·၁·၂၀၁၃ ရက်စွဲဖြင့် KNORR ကြက်သားမှုန့်၏ရှေ့နေ ဒေါ်ရီရီတင်မှ တဆင့်တရားပြိုင်သို့ KLNAR ကြက်သားမှုန့်အားထုတ်လုပ်ရောင်းချခြင်းမပြုရန် တားမြစ်သည့်အကြောင်းကြားစာပေးပို့ခဲ့ရာ ၎င်းတို့၏ရှေ့နေ ဦးသက်ထွန်းမှ **KLWAR** ကြက်သားမှုန့်က **KNORR** ကြက်သားမှုန့်ကို တုပဆောင်ရွက်ခြင်းမရှိ၍ လိုက်နာရန်အကြောင်းမရှိကြောင်း အကြောင်းပြန်ကြားခဲ့ကြောင်း သက်သေခံ (၉) ဖြင့် တင်သွင်းကြောင်း ၇·၁၁·၂၀၁၁ ရက်စွဲဖြင့် **KLWAR** ကြက်သားမှုန့် ကုန်အမှတ်တံဆိပ်အား အများသိစေရန် ကြေးမုံသတင်းစာ၌ ကြော်ငြာခဲ့ကြောင်း သက်သေခံ ၁၀ ဖြစ်ကြောင်း၊ ၎င်းတို့ **KLWAR** ကြက်သားမှုန့်သည် မိမိတို့၏ ထုပ်ပိုးမှုပုံသဏ္ဍာန်ဖြင့် ကိုယ်တိုင်ထုပ်ပိုးမှုပုံသဏ္ဍာန်ဖြင့် ကိုယ်တိုင်ထုတ်လုပ်ဖြန့်ဖြူးရောင်းချခဲ့ခြင်းသာဖြစ်ကြောင်း၊ **KNORR** ကြက်သားမှုန့်အား တုပရောင်းချခြင်းမရှိကြောင်း ထုချေထွက်ဆိုပြီး တရားပြိုင်ပြသက်သေများဖြစ်ကြသော ဦးအင်ကြင်းဖြိုးမြတ်သူ၊ (ပြိုင်ပြ ၁) ဒေါ်ထွာကျော် (ပြိုင်ပြ ၂)၊ ဒေါ်ခင်သီတာလွင် (ပြိုင်ပြ ၃) ၊ ဒေါ်ရင်ရင်ထက် (ပြိုင်ပြ ၄) ၊ ဒေါ်အေးအေးမြင့် (ပြိုင်ပြ ၅) တို့က တရားပြိုင်၏ ထွက်ဆိုချက်အတိုင်း ထောက်ခံထွက်ဆိုကြသည်။သက်သေခံ (၁)၊ (၁-က)၊ (၂)၊(၃)၊(၄)၊(၅)၊(၆)၊(၇)၊(၈)၊(၉)၊(၁၀) (၁၀-က)(၁၁) စာရွက်စာတမ်းများကို တင်ပြသည်။

တာဝန်ခံမိတ္တူမှန်
တာဝန်ယူသည်၊

ယခုအမှုအတွင်း တရားလို KNORR ဟူသော ကုန်အမှတ်တံဆိပ်ကို သက်သေခံအမှတ် (ဂ)(ဃ)(င) စာချုပ်စာတမ်းမှတ်ပုံတင်အမှတ် ၅၅၄၆/၂၀၀၄၊ ၅၄၀၉/၂၀၁၀ နှင့် ၅၄၁၀/၂၀၁၀ တို့အရ ဦးစွာ မှတ်ပုံတင်၍ ထုတ်လုပ်ဖြန့်ချိခဲ့ကြောင်းတွေ့ရပြီး တရားပြိုင် KLWAR ကြက်သားမှုန့်ထုပ်ကို စာချုပ်စာတမ်းမှတ်ပုံတင်အမှတ် - ၁၀၈၅၅/၂၀၁၁ ဖြင့် (၂၅.၁၀.၂၀၁၁) ဖြင့် မှတ်ပုံတင်၍ ဖြန့်ဖြူးရောင်းချခဲ့ရာ KNORR ကြက်သားမှုန့်ထုပ်သည် KLWAR ကြက်သားမှုန့်ထက် ဦးစွာစော၍ မှတ်ပုံတင်ခဲ့ပြီး ထုတ်လုပ်ဖြန့်ဖြူးရောင်းချ လျက်ရှိကြောင်းတွေ့ရသည်။

သက်သေခံ ကုန်အမှတ်တံဆိပ် မှတ်ပုံတင်စာချုပ်များ ကြက်သားမှုန့်ထုပ်များကို ယှဉ်ကြည့်လျှင် အနည်းငယ်ကွဲပြားသော်လည်း တစ်ခုနှင့်တစ်ခု ဆင်တူယိုးမှားဖြစ်လောက်အောင် တူညီကြောင်း၊ KLWAR ကြက်သားမှုန့် ထုပ်ပိုးထားသည့် အိတ်တွင် ပါရှိသော အပြာ၊ အဝါ ၊ အစိမ်း စသည့် အရောင်များအတိုင်းပင် ထုပ်ပိုးရိုက်နှိပ်ဖြန့်ချိခြင်းဖြစ်ကြောင်း၊ ထုပ်ပိုးဖြန့်ချိရာတွင် KNORR ကုန်အမှတ်တံဆိပ်တွင် ပါရှိသည့် အရောင်အသွေးများဖြင့် တုပဖြန့်ဖြူးထားခြင်းသာဖြစ်ကြောင်း ကုန်အမှတ်တံဆိပ်အပေါ်တွင် ဆင်တူယိုးမှားဖြစ်လောက်အောင် KNORR နှင့် KLWAR ဟူသော စာသားကို ဆင်တူယိုးမှားဖြစ်စေရန် အသုံးပြုထားကြောင်းတွေ့ရှိရသည်၊ အိတ်ခွံပေါ်တွင် ဟင်းအိုးထဲသို့ ဇွန်းဖြင့်ထည့်ပုံတွင်လည်းကောင်း၊ KNORR စာတမ်းနှင့် KLWAR စာတမ်းများကို ဘောင်ကွပ်ရာ၌လည်းကောင်း တူညီမှုရှိကြောင်းတွေ့ရသည်။ သို့ဖြစ်ရာ KLWAR မှာ KNORR တံဆိပ်နှင့် တူညီစေရန် ဆင်တူယိုးမှားဖြစ်စေရန် တုပထုတ်ထားသည်ဟု ဆိုနိုင်သည်။

ထို့ကြောင့် ငြင်းချက်အမှတ် ၁ တရားလို KNORR ကုန်အမှတ်တံဆိပ်ကို တရားပြိုင်၏ KLWAR ကုန်အမှတ်တံဆိပ်က ထုပ်ပိုးမှုပုံစံ အရောင်အသွေး တို့အားစားလုံးများတုပပြုလုပ်ထုပ်ပိုးရောင်းချမှုပြုနေသည်မှာ မှန်ပါသည်ဟုဖြေဆိုရမည်ဖြစ်ပြီး တရားပြိုင်၏ KLWAR အမှတ်တံဆိပ်မှာ တရားလို၏ KNORR ကုန်အမှတ်တံဆိပ်ကို တုပထားခြင်းမဟုတ်ဘဲ မိမိမူလပုံစံအတိုင်း ထုပ်ပိုးထားသလို KNORR နှင့် KLWAR အသံထွက်ရောပုံသဏ္ဍာန်ပါ တူညီမှုမရှိသည်မှာ မမှန်ပါဟုဖြေဆိုရပေမည်။

ငြင်းချက်အမှတ် ၂ ။ ။ ထိုသို့ ထုပ်ပိုးမှုပုံစံတူဖြင့် တရားပြိုင်က တုပပြုလုပ်ဖြန့်ဖြူးရောင်းချမှုပြုခဲ့သဖြင့် တရားလို KNORR တွင် နစ်နာဆုံးရှုံးမှုဖြစ်၍ ကျပ်သိန်း ၃၀၀၀ ရထိုက်ခွင့်ရှိသလား။

အထက်ပါ ငြင်းချက်နှင့်စပ်လျဉ်း၍ တရားလို၏ KNORR ကုန်အမှတ်တံဆိပ်နှင့်တရားပြိုင်၏ KLWAR ကုန်အမှတ်တံဆိပ်တူညီစေရန် ဆင်တူယိုးမှားဖြစ်စေရန် ထုပ်ပိုးမှုပုံစံဖြင့် တရားပြိုင်က တုပပြုလုပ်ဖြန့်ချိရောင်းချမှုပြုခဲ့ကြောင်း သက်သေထွက်ချက်များအရပေါ်ပေါက်သဖြင့် တရားလို KNORR ကုန်အမှတ်တံဆိပ်တွင် ကုစား၍မရနိုင်သော နစ်နာဆုံးရှုံးမှုရှိနေပေသည်။ ထို့ကြောင့် တရားလိုသည် တောင်းဆိုထားသော နစ်နာကြေးငွေကျပ်သိန်း ၃၀၀၀ ကို ရထိုက်ပေသည်။

မိတ္တူမှန်
...ပြုမှန်ကန်ကြောင်း
တာဝန်ယူသည်။

...ရုံး
ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး

ငြင်းချက်အမှတ် ၃ ။ ။ တရားလိုသည် မည်သည့်သက်သာခွင့် ရထိုက်ပါသနည်း။

အမှုတွဲပါ သက်သေထွက်ဆိုချက်များအရ တရားလို KNORR ကုန်အမှတ်တံဆိပ်ကို တရားပြိုင်၏ KLWAR ကုန်အမှတ်တံဆိပ်က တူညီမှုရှိစေရန် ဆင်တူယိုးမှားဖြစ်စေရန် တုပထုပ်ပိုးထားကြောင်းတွေ့ရသဖြင့် တရားလို KNORR တွင် နစ်နာဆုံးရှုံးမှုများဖြစ်ပေါ်စေသည်မှာ ထင်ရှားသည်။ ထို့ကြောင့် တရားလိုသည် နစ်နာဆုံးရှုံးမှုအတွက် နစ်နာကြေးရထိုက်ပေသည်။ တရားလို တောင်းဆိုသော နစ်နာကြေးပေး၍ ထိထိရောက်ရောက် သက်သာခွင့်ပေးနိုင်သဖြင့် ထာဝရတားဝရမ်းထုတ်ပေးသင့်မည် မဟုတ်ပေ။

အထက်ပါ ငြင်းချက်များအပေါ် ဖြေကြားချက်များအရ ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ စာချုပ်အမှတ် ၁၀၈၅၅/၂၀၁၁ ဖြင့် တရားပြိုင်မှတ်ပုံတင်ထားသည် KLWAR ကုန်အမှတ်တံဆိပ်ကို ပယ်ဖျက်လိုက်သည်။ တရားလိုတွင် နစ်နာဆုံးရှုံးမှုရှိသဖြင့် နစ်နာကြေးငွေကျပ် သိန်း ၃၀၀၀ ကို တရားပြိုင်က တရားလိုသို့ စရိတ်နှင့်တကွ ပေးအပ်စေရန် အမိန့်ချမှတ်သည်။

ရှေ့နေစရိတ် ၅၀၀၀ ကျပ် သတ်မှတ်သည်။

(ဆွေဆွေ)
ခရိုင်တရားသူကြီး
ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး

တာဝန်ခံစစ်ဆေးပြီးမှန်ကန်ကြောင်း
တာဝန်ယူသည်။

အဆွင့်ရအရာရှိ
ရန်ကုန်အနောက်ပိုင်းခရိုင်ထုံးရုံး